ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

**တပ်မတော်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးအသုံးပြုခြင်းဥပဒေ**

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၃၀/၂၀၁၀)**

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၄ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တပ်မတော်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးအသုံးပြုခြင်းဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော စကားရပ်များသည် အောက်ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် -

(က) **လမ်း** ဆိုသည်မှာ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေအရ လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်ထားသော လမ်းနှင့်ယင်းလမ်း၏ နယ်နမိတ် သို့မဟုတ် လမ်းမကြီးနှင့် ယင်းလမ်းမကြီး၏ နယ်နမိတ်ကို ဆိုသည်။

(ခ) **တံတား** ဆိုသည်မှာ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေအရ လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်သော တံတားကိုဆိုသည်။

(ဂ) **ရေဆိပ်** ဆိုသည်မှာ ပင်လယ်ဆိပ်ခံတံတား၊ သင်္ဘောကပ်ရန် တံတား၊ ဆိပ်ကမ်း၊ ဆိပ်ခံတံတား၊ ရေယာဉ်ဆိုက်ကပ်ရန် သတ်မှတ်ထားသော နေရာကိုဆိုသည်။

(ဃ) **ယာဉ်** ဆိုသည်မှာ စက်စွမ်းအားဖြင့်ဖြစ်စေ၊ စွမ်းအင်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းတွင် မောင်းနှင်သွားလာသည့် ယာဉ်တစ်မျိုးမျိုးကိုဆိုသည်။

(င) **အသုံးပြုခ** ဆိုသည်မှာ သတ်မှတ်ထားသော အခွန်ကောက်ငွေ၊ သတ်မှတ်သည့်နှုန်းထား ငှားရမ်းခ၊ အခကြေးငွေနှင့် တောင်းဆိုသည့်စရိတ်စကတို့ကို ဆိုသည်။

(စ) **စစ်မှုထမ်း**ဆိုသည်မှာ တပ်မတော်အရာထမ်း၊ အမှုထမ်းအားလုံးကိုဆိုသည်။

၃။ အောက်ဖော်ပြပါ လူပုဂ္ဂိုလ်များ၊ တိရစ္ဆာန်များနှင့် ပစ္စည်းများသည် သယ်ယူပို့ဆောင်ရေးအသုံးပြုခြင်းဆိုင်ရာ အသုံးပြုခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရှိရမည် -

(က) **လူပုဂ္ဂိုလ်များ**

(၁) စစ်မှုထမ်းများ၊

(၂) တပ်မတော်၏အစိတ်အပိုင်းတစ်ခုခုကတာဝန်ပေးအပ်ခြင်းခံရသူများ၊

(၃) တပ်မတော်၏အစိတ်အပိုင်းတစ်ခုခုတွင် အမှုထမ်းရွက်နေသူများ၊

(၄) တပ်မတော်၏အစိတ်အပိုင်းတစ်ခုခုနှင့် လိုက်ပါလာကြသူများ၊

(၅) စစ်မှုထမ်း၏မိသားစုဝင်များ၊

(၆) စစ်ဘက်အစောင့်အရှောက်နှင့် ခေါ်ဆောင်လာသော အချုပ်သားများ၊

(ခ) **တိရစ္ဆာန်များ**

(၁) တပ်မတော်ပိုင်သော သို့မဟုတ် တပ်မတော်က အသုံးပြုသော ဝန်တင်တိရစ္ဆာန်များနှင့် ခွေးများ၊

(၂) စစ်မှုထမ်းများကို ကျွေးမွေးရန်အတွက် သယ်ဆောင်လာသည့် တိရစ္ဆာန်အားလုံး။

(ဂ) **ပစ္စည်းများ**

(၁) နိုင်ငံတော်ပိုင်၊ တပ်မတော်ပိုင် သို့မဟုတ် စစ်မှုထမ်းပိုင်ပစ္စည်းများ၊

(၂) တပ်မတော်ပိုင် ယာဉ်တစ်မျိုးမျိုး၊

(၃) တပ်မတော်အတွက် ငှားရမ်းအသုံးပြုသော ယာဉ်တစ်မျိုးမျိုး။

၄။ ပုဒ်မ ၃ ပါ လူပုဂ္ဂိုလ်များကသော်လည်းကောင်း၊ တိရစ္ဆာန်များနှင့် ပစ္စည်းများကို သော်လည်းကောင်း တာဝန်အရဖြစ်စေ၊ လေ့ကျင့်ရေးသင်တန်းများ အတွက်ဖြစ်စေ ရေဆိပ်၊

လေဆိပ်၊ ကားဂိတ်၊ ဘူတာရုံနှင့် ယင်းတို့၏ ပရိဝုဏ်နယ်မြေများ၊ လမ်းနှင့်တံတားများ၊ ကူးတို့ရေယာဉ်များ အသုံးပြုခြင်းတို့အတွက် အသုံးပြုခ ကောက်ခံခြင်းမပြုရ။

၅။ ပုဒ်မ ၃ ပါ လူပုဂ္ဂိုလ်၊ တိရစ္ဆာန်နှင့်ပစ္စည်းများ လိုက်ပါသယ်ဆောင်လာသည့် ယာဉ်သည် တပ်မတော်ပိုင် သို့မဟုတ် တပ်မတော်အတွက် ငှားရမ်းအသုံးပြုသည့် ယာဉ်မဟုတ်ပါက သတ်မှတ်ထားသည့် အသုံးပြုခ ပေးဆောင်ရမည်။

၆။ ပုဒ်မ ၄ ပါ နေရာများ၌ နိုင်ငံတော်ပိုင်၊ တပ်မတော်ပိုင် သို့မဟုတ် စစ်မှုထမ်းပိုင်ပစ္စည်းများအား တပ်အစီအစဉ်ဖြင့် ယာဉ်ပေါ်တင်ခြင်း၊ ယာဉ်ပေါ်မှချခြင်းကို ပြုလုပ်ရာတွင် မည်သည့်အခွန်အခမျှ ကောက်ခံခြင်းမပြုရ။

၇။ မည်သူမဆို ပုဒ်မ ၄ သို့မဟုတ် ပုဒ်မ ၆ ကို ဆန့်ကျင်၍ အသုံးပြုခကောက်ခံကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၉။ The Tolls (Army) Act ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ